Ministry of Immigration
and Integration

နေထိုင်ခွင့် နှင့် မိမိဘာသာရပ်တည်နိုင်ရေး တရားဝင် ကြေညာချက်

အမည်–

မှတ်ပုံတင် အမှတ်/စီပီအာ နံပါတ်–

*ကျွန်ုပ်ကိုယ်တိုင်၊ ကျွန်ုပ်၏ မှီခိုကလေးများ နှင့် ကျွန်ုပ်၏ အိမ်ထောင်ဖက်/အတူပေါင်းသင်းနေထိုင်သူ တို့အတွက် ကိုယ်တိုင် အထောက်အပံ့ပေးအပ်ရန် အလုပ်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ ဒိန်းမတ် လူမှု အသိုင်းအဝိုင်းနှင့် တက်ကြွစွာပူးပေါင်းပါဝင်ပြီး ထည့်ဝင်ဖြည့်ဆီးသွားမည်ဖြစ်ကြောင်း ဤတွင် ကျွန်ုပ် ကြေညာအပ်ပါသည်။*

*ကျွန်ုပ်သည် အောက်ပါတို့ကို ကြေညာအပ်ပါသည်–*

- ဒိန်းမတ် တရားဥပဒေများအားလုံးနှင့်အညီ လိုက်နာနေထိုင်သွားမည်ဖြစ်ပါသည်၊ ဒိန်းမတ် ဒီမိုကရေစီ စနစ် စံတန်ဖိုးမှုအားလုံးကို လေးစားလိုက်နာမည်ဖြစ်ပါသည်။

- ဒိန်းမတ်နိုင်ငံတွင် ကောင်းမွန်တင့်တယ်သည့် လူနေမှု ဘဝရရှိရေးအတွက် အဓိကသော့ချက်မှာ ဒိန်းမတ် ဘာသာစကား နှင့် ဒိန်းမတ် လူမှုအဖွဲ့အစည်းအကြောင်း ကောင်းစွာသိရှိနားခြင်းဖြစ်ကြောင်း ကျွန်ုပ်အသိအမှတ်ပြုပါသည်။

- နိုင်ငံသား တစ်ဦးတစ်ယောက်စီ နှင့် မိသားစုဝင်များသည် မိမိခြေထောက်ပေါ်တွင်ရပ်တည်နိုင်ရေး မိမိတွင်သာ တာဝန်ရှိကြောင်း ကျွန်ုပ် အသိအမှတ်ပြုပါသည်။

- ဒိန်းမတ်နိုင်ငံ၌ အမျိုးသား နှင့် အမျိုးသမီးတို့တွင် တန်းတူညီမျှသော အခွင့်အရေး နှင့် တာဝန်များ ရှိကြောင်း၊ အမျိုးသား နှင့် အမျိုးသမီးတို့ နှစ်ဦးစလုံးသည် လူ့အဖွဲ့အစည်းအတွက် ထည့်ဝင် ဖြည့်ဆီးပေး ရမည်ဖြစ်ကြောင်း ကျွန်ုပ် အသိအမှတ်ပြုပါသည်။ ဒီမိုကရေစီကျသည့် လုပ်ငန်းစဉ်တွင် ပါဝင်ရန် အမျိုးသား နှင့် အမျိုးသမီးတို့တွင် သာတူညီမျှသော အခွင့်အရေး ရှိသကဲ့သို့ပင် – ပညာသင်ယူရန်၊ အလုပ်ခွင်ဝင်ရန် စသည့် – တူညီသော အခွင့်အရေး နှင့် တူညီသော တာဝန်များလည်းရှိပါသည်။ အမျိုးသား နှင့် အမျိုးသမီး နှစ်ဦးစလုံးတို့တွင် အခွန်ထမ်းဆောင်ရန် နှင့် မိမိတို့၏ ကလေးများအား ပြုစုစောင့်ရှောက်ရန် တာဝန်ရှိပါသည်။

- ကလေးများအပါအဝင် အိမ်ထောင်ဖက်အပေါ် အကြမ်းဖက်ခြင်း၊ အနိုင်ကျင့် နှိပ်စက်ခြင်းတို့မှာ ဒိန်းမတ်နိ်ုင်ငံတွင် တရားမဝင်ဘဲ ဥပဒေပြဌာန်းချက်အရ ပြစ်မှုဆိုင်ရာ ဥပဒေချိုးဖောက်မှုဖြစ်ကြောင်း ကျွန်ုပ် သိရှိပါသည်။

• ဒိန်းမတ်နိုင်ငံ၌ ကလေးများအားလုံးတွင် – ယောကျာ်းလေး နှင့် မိန်းကလေးတို့ နှစ်ဦးစလုံး– တန်းတူညီသော လေးစားမှု နှင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများရှိသဖြင့် ကလေးများအရွယ်ရောက်ကြီးပြင်းလာသည့်အခါ တာဝန်သိသော နိုင်ငံကြီးသားများဖြစ်လာပြီး သူတို့ကိုယ်တိုင် ရွေးချယ်မှုများ ပြုလုပ်နိုင်ကြမည်ဖြစ်ကြောင်း ကျွန်ုပ် အသိအမှတ်ပြုပါသည်။ ကျွန်ုပ်၏ ကလေးများသည် အကောင်းဆုံး အခြေအနေအောက်တွင် အရွယ်ရောက်ကြီးပြင်းလာစေရန်၊ ကျောင်းတက်ရောက်ရန် နှင့် ဒိန်းမတ် လူ့အဖွဲ့အစည်းတွင် တက်ကြွစွာ ပူးပေါင်းပါဝင်သူများဖြစ်လာစေရန် ကျွန်ုပ် သေချာဆောင်ရွက်လိုပါသည်။ ကျွန်ုပ်၏ကလေးများသည် ဒိန်းမတ်ဘာသာစကားကို အမြန်ဆုံး သင်ယူပြီး ကျောင်း၏ သင်ရိုးညွှန်းများအား လိုက်နိုင်ရန် ကျွန်ုပ်အလေးထားဆောင်ရွက်မည်ဖြစ်၍ နေ့ကလေးထိန်းကျောင်း/မူကြိုကျောင်း သို့မဟုတ် ကျောင်းတို့နှင့် တက်ကြွစွာ လက်တွဲ ဆောင်ရွက်သွားပါမည်။

• မိန်းကလေးငယ်များ၏ မိန်းမကိုယ် အစိတ်အပိုင်းကို ဖြတ်တောက်ခြင်း၊ ကလေးငယ်များနှင့် အတင်းအဓမ္မ အိမ်ထောင်ပြုမှုတို့မှာ ဒိန်းမတ်နိုင်ငံတွင် ရာဇဝတ် ပြစ်မှုမြောက်ကြောင်း ကျွန်ုပ်သိရှိပါသည်။

• ဒိန်းမတ်နိုင်ငံ လူမှုအဖွဲ့အစည်း၏ အခြေခံအုတ်မြစ်များဖြစ်ကြသော တစ်ဦးတစ်ယောက်ချင်းစီ၏ လွတ်လပ်ခွင့်၊ ရိုးသားမှု၊ ဂုဏ်သိက္ခာ၊ ကျား-မ တန်းတူညီမျှမှု၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှု နှင့် လွတ်လပ်စွာ ရေးသားဖော်ထုတ်မှုကို ကျွန်ုပ်လေးစားလိုက်နာပါသည်။

• ဒိန်းမတ်နိုင်ငံတွင် လိင် သို့မဟုတ် အသားအရောင်အား အစွဲပြု၍ ခွဲခြားဆက်ဆံခြင်း နှင့် ကိုးကွယ်ယုံကြည်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ခံယူချက်တို့အား အခြေပြု၍ အနိုင်ကျင့် ပျက်ရယ်ပြု လှောင်ပြောင်ခြင်း နှင့် ခြိမ်းခြောက်မှုတို့သည် ဥပဒေအရ ပြစ်မှုမြောက်ကြောင်း ကျွန်ုပ်သိရှိပါသည်။

• ဒိန်းမတ် လူ့အဖွဲ့အစည်းသည် အကြမ်းဖက်မှုကို ဆန့်ကျင်ရှုတ်ချကြောင်း ကျွန်ုပ် အသိအမှတ်ပြုပါသည်။ ပြည်သူလူထု၏ အသက်အိုးအိမ်ကိုသော်လည်းကောင်း ကောင်းကျိုးချမ်းသာကိုသော်လည်းကောင်း လူမှုအသိုင်းအဝိုင်း၏ တန်ဖိုးစံနှုန်းများအပေါ်ကိုသော်လည်းကောင်း ကြီးမားစွာ အန္တရာယ်ပြု ခြိမ်းခြောက်နိုင်သည့် ရာဇဝတ်မှုကျူးလွန်ရန် ကြံရွယ်နေသူ တစ်ဦးဦးကို ကျွန်ုပ်သိရှိပါက ကျွန်ုပ်၏ ဝေဖန်ပိုင်းခြားနိုင်စွမ်း နှင့် လုပ်ပိုင်ခွင့်အာဏာအရ ထိုသူ ပြစ်မှုမကျူးလွန်အောင် တားဆီးခြင်း၊ လိုအပ်ပါက ရဲထံ အကြောင်းကြားခြင်း ပြုလုပ်ရမည်ဖြစ်ပြီး ကြံရွယ်သူအကြောင်း သိလျက်နှင့် တားဆီးမှု၊ ရဲထံအကြောင်းကြားမှု လုပ်ရန် ပျက်ကွက်ပါက ငွေဒဏ်ဖြစ်စေ 3 နှစ်အထိ ထောင်ဒဏ်ဖြစ်စေ အပြစ်ပေးမှု ခံရမည်ဖြစ်ကြောင်း ကျွန်ုပ်သိရှိပါသည်။

• ဒိန်းမတ်နိုင်ငံတွင်း၌ ကျွန်ုပ်မည်မျှကြာ နေထိုင်ခွင့်ရှိနေစေကာမူ ဒိန်းမတ် လူမှုအဖွဲ့အစည်း၌ ပါဝင်ခြင်း နှင့် ထည့်ဝင်ဖြည့်ဆီးခြင်းအတွက် တက်ကြွစွာ ပူးပေါင်းပါဝင်မှုမှာ မရှိမဖြစ် လိုအပ်ချက်တစ်ရပ် ဖြစ်ကြောင်း ကျွန်ုပ် အသိအမှတ်ပြုပါသည်။

• ဒိန်းမတ်နိုင်ငံတွင် ကျွန်ုပ်နေထိုင်မှုဆိုင်ရာ အဓိကမူဘောင်မှာ ကျွန်ုပ်၏ နေထိုင်ခွင့် အခြေခံ အကြောင်းရင်းပေါ်မူတည်၍ သတ်မှတ်ထားခြင်းဖြစ်ပြီး အချို့သော အုပ်စုများအတွက် ကနဦးစတင်မှုမှာမူ ယာယီနေထိုင်ခွင့်ကြောင်း ကျွန်ုပ်သိရှိပါသည်။

• ကျွန်ုပ်၏ မိခင်နိုင်ငံတွင်းရှိ အခြေအနေများပြောင်းလဲသွား၍ အကာအကွယ်မလိုအပ်တော့ဘဲ နိုင်ငံရင်းသို့ ဘေးကင်းစွာပြန်နိုင်ခဲ့လျှင် စည်းမျဉ်းအရ ဒုက္ခသည်တစ်ဦးအနေဖြင့် နေထိုင်ခွင့် မရရှိနိုင်တော့ကြောင်း ကျွန်ုပ်သိရှိပါသည်။ ဤနိုင်ငံ၌ နေထိုင်ခွင့်ရရှိထားသည့် ဒုက္ခသည် -သည် ကာကွယ်စောင့်ရှောက်မှု မလိုအပ်တော့သည့်အခါ စည်းမျဉ်းအရ ဒုက္ခသည် မိသားစုဝင်နှင့် ပြန်လည်ပေါင်းစည်းရန် လျှောက်ထားသူ အနေဖြင့် နေထိုင်ခွင့်ရရှိနိုင်တော့မည် မဟုတ်ကြောင်း ကျွန်ုပ်သိရှိပါသည်။ သို့ဖြစ်၍ ယာယီနေထိုင်ခွင့်ကို ပြန်လည်ရုတ်သိမ်းခြင်း သို့မဟုတ် ငြင်းဆိုခြင်းဖြစ်နိုင်ကြောင်း ကျွန်ုပ်သိရှိပါသည်။

• တက်ကြွစွာပါဝင်ခြင်း၊ ဒိန်းမတ် လူ့အဖွဲ့အစည်းအတွက် ထည့်ဝင်ဖြည့်ဆီးခြင်း၊ မိမိခြေထောက်ပေါ် ရပ်တည်ရန် အားထုတ်ခြင်းတို့သည် ကျွန်ုပ်၏ မိခင်နိုင်ငံသို့ ပြန်ပို့/သွားရေး အဆုံးအဖြတ်ပေးရာတွင် အားသာချက်တစ်ခုဖြစ်ကြောင်း ကျွန်ုပ်သိရှိပါသည်။

• တစ်ချိန်ချိန်၌ မိခင်နိုင်ငံသို့ ပြန်သွားရောက် အခြေချရန်ဖြစ်စေ ယခင် နေထိုင်ခွင့်ရရှိထားသည့် နိုင်ငံသို့ ပြန်သွားရောက်လိုလျှင်ဖြစ်စေ နေထိုင်ခွင့်ရရှိထားသူတစ်ဦးအနေဖြင့် နိုင်ငံရင်းသို့ပြန်ပို့ရေး ဥပဒေအောက်တွင် ငွေကြေးအထောက်အပံ့ လျှောက်ထားနိုင်ကြောင်း ကျွန်ုပ်သိရှိပါသည်။

***အသစ်ရောက်ရှိလာသူများအတွက် အောက်ပါဥပဒေများ ချမှတ်သက်ရောက်ကြောင်း အသစ်ရောက်ရှိ လာသူတစ်ဦးအနေဖြင့် ကျွန်ုပ်နားလည် သိရှိပါသည်-***

(အောက်ပါအချက်များသည် ကြေညာချက်အား လက်မှတ်ရေးထိုးသော အသစ်ရောက်ရှိလာသည့် ရွှေ့ပြောင်းအခြေချသူများ အတွက်သာ သက်ဆိုင်ပါသည်)

• ကျွန်ုပ်သည် ဒိန်းမတ်ဘာသာစကား နှင့် ဒိန်းမတ်လူမှုအဖွဲ့အစည်းအကြောင်းကို အမြန်ဆုံး လေ့လာ သင်ယူပါမည်။ မြူနီစီပယ် မြို့ ့အုပ်ချုပ်ရေးမှ ပံ့ပိုးထားသည့် ဒိန်းမတ် ဘာသာစကား သင်တန်းကျောင်းတွင် ဒိန်းမတ်ဘာသာစကား လေ့လာသင်ယူနိုင်ကြောင်း ကျွန်ုပ်သိရှိပါသည်။

• အလုပ်ခွင်တွင် အလုပ်အမြန်ဆုံးရှာပြီး အလုပ်စတင်လုပ်ကိုင်ခြင်းဖြင့် မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်အောင် ကျွန်ုပ်ကြိုးစား အားထုတ်ပါမည်။ ဒိန်းမတ်ဘာသာစကား သင်ယူခြင်းသည် ပုံမှန်အလုပ်အကိုင်ရရှိရေး၊ မိမိဘာသာမိမိ ရပ်တည်နိုင်ရေးတွင် အထောက်အပံ့ဖြစ်စေကြောင်း၊ မြူနီစီပယ် မြို့အုပ်ချုပ်ရေးနှင့် ကျွန်ုပ်တို့ကြား စာချုပ်တွင် ဖော်ပြထားသည့်အတိုင်း လှုပ်ရှားဆောင်ရွက်မှုများတွင် ပါဝင်မည်ဖြစ်ကြောင်း ကျွန်ုပ်သိရှိပါသည်။

• ပထမဆုံး ပေးအပ်ထားသည့် နေထိုင်ခွင့်ဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ကျွန်ုပ်၏ နေထိုင်ခွင့်ကို သက်တမ်း တိုးပေးသွားမည်ဖြစ်၍ ယေဘုယျအားဖြင့် ဒုက္ခသည်တစ်ဦးသည် ကာကွယ်စောင့်ရှောက်မှု မလိုအပ်တော့ဘဲ မိခင်နိုင်ငံရင်းသို့ ပြန်နိုင်ခဲ့လျှင် ဒိန်းမတ်နိုင်ငံတွင် နေထိုင်ခွင့် မရရှိနိုင်တော့ကြောင်း ကျွန်ုပ်သိရှိပါသည်။ ဤနိုင်ငံ၌ နေထိုင်ခွင့်ရရှိထားသည့် ဒုက္ခသည်-သည် ကာကွယ်စောင့်ရှောက်မှု မလိုအပ်တော့သည့်အခါ စည်းမျဉ်းအရ ဒုက္ခသည် မိသားစုဝင်နှင့် ပြန်လည်ပေါင်းစည်းရန် လျှောက်ထားသူအနေဖြင့် နေထိုင်ခွင့်ရရှိနိုင်တော့မည် မဟုတ်ကြောင်း ကျွန်ုပ်သိရှိပါသည်။

ရက်စွဲ- ထိုးမြဲလက်မှတ်-